ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

Financial Intelligence Unit - FIU

# သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR) အရည်အသွေးပြည့်ဝစေရေး သတင်းပို့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မှုအနှစ်ချုပ်အစီရင်ခံစာ

၂၀၂၅ ခုနှစ်၊ မေလ

(Meeting/RI-FI/02/2025)

# မာတိကာ


နိဒါန်း ..... ၁

ရည်ရွယ်ချက် ..... ၁

တွေ့ဆုံဆွေးနွေးမှုအစီအစဉ် ..... ၂

အဓိကဆွေးနွေးချက်များ ..... ၃

အဓိကတွေ့ရှိချက်များ (Key Findings) ..... ၇

နိဂုံး ..... ၈

နောက်ဆက်တွဲ(က) ..... ၉

နောက်ဆက်တွဲ(ခ) ..... ၁၂

မှတ်တမ်းဓာတ်ပုံများ ..... ၁၅

# သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR) အရည်အသွေးပြည့်ဝစေရေး သတင်းပို့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မှု အနှစ်ချုပ်အစီရင်ခံစာ

## နိဒါန်း

၁။ ၂၀၂၄-၂၀၂၈ ခုနှစ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး မဟာဗျူဟာ၊ မဟာဗျူဟာနယ်ပယ်(၂)၊ မဟာဗျူဟာရည်မှန်းချက်(၂.၅)၊ မဟာဗျူဟာအစီအစဉ်(၂.၅.၂)တွင် **"ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းများ လိုအပ်သလိုတွေ့ဆုံ၍ သတင်းပို့ချက်အရည်အသွေးပြည့်ဝစေရေး ဆွေးနွေးညှိနှိုင်းခြင်း"** ဟု ဖော်ပြပါရှိပါသည်။

၂။ အဆိုပါ မဟာဗျူဟာပါရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် သတင်းပို့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့် အစီအမံအား ပြုစုထားရှိပါသည်။ အစီအမံအရ သတင်းပို့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို သုံးလလျှင် တစ်ကြိမ်ပြုလုပ်မည်ဖြစ်ပြီး နောက်ဆုံးလ၏ စတုတ္ထပတ်အတွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါသည်။ အစီအမံအရ တွေ့ဆုံဆွေးနွေးမည့် သတင်းပို့အဖွဲ့အစည်းများကို ရွေးချယ်ရာ၌ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က သုံးလတစ်ကြိမ်ထုတ်ပြန်သည့် **"သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသုံးသပ်ချက်အစီရင်ခံစာ"** အရ သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(Suspicious Transaction Report-STR) ပေးပို့မှုအရေအတွက်နှင့် အရည်အသွေးနည်းပါးသည့် သတင်းပို့အဖွဲ့အစည်းများ၊ သတင်းပို့ရာတွင် မှားယွင်းမှုရှိသည့် သတင်းပို့အဖွဲ့အစည်းများကို ဦးစားပေးခေါ်ယူတွေ့ဆုံမည် ဖြစ်ပါသည်။

၃။ ဤအစီအရင်ခံစာတွင် အစီအမံအရ သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် ဧရာဝတီ တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်(AFDB Bank)၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(MAB Bank)နှင့် Digital Money Myanmar Ltd (Wave Money)စသည့် ဘဏ်(၂)ခု၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း(၁)ခုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် သတင်းပို့ချက်အရည်အသွေး ပြည့်ဝစေရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များကို ဖော်ပြထားပါသည်။

## ရည်ရွယ်ချက်

၄။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သတင်းပို့ချက်အရည်အသွေးများ တိုးတက်ကောင်းမွန်စေရေး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် သတင်းပို့အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို သိရှိစေရန်၊

(ခ) ဆွေးနွေးချက်ရလဒ်များအလိုက် သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်။

**တွေ့ဆုံဆွေးနွေးမှုအစီအစဉ်**

၅။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်(AFDB Bank)၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(MAB Bank)နှင့် Digital Money Myanmar Ltd (Wave Money)တို့နှင့် အောက်ပါအစီအစဉ်အတိုင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည် -

(က) **ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်(AFDB Bank)နှင့် တွေ့ဆုံဆွေးနွေးခြင်း**

| | | |
|---|---|---|
| ပြုလုပ်သည့်နေ့ရက် | - | ၁၉-၃-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)၊ |
| ပြုလုပ်သည့်အချိန် | - | ၀၈၃၀ နာရီမှ ၁၁၅၀ နာရီအထိ၊ |
| ပြုလုပ်သည့်နေရာ | - | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဓနသိဒ္ဓိရပ်ကွက်၊ ဇေက(၁၀၀၀)၊ နေပြည်တော်၊ |
| တက်ရောက်သူများ | - | FIU မှ (၉)ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂)ဦး၊ AFDB Bank မှ (၄)ဦး၊ နောင်ရိုးနည်းပညာကုမ္ပဏီမှ (၁)ဦး၊ စုစုပေါင်း(၁၆)ဦး။ |

( ခ ) **မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(MAB Bank)နှင့် တွေ့ဆုံဆွေးနွေးခြင်း**

| | | |
|---|---|---|
| ပြုလုပ်သည့်နေ့ရက် | - | ၂၀-၃-၂၀၂၅ ရက် (ကြာသပတေးနေ့)၊ |
| ပြုလုပ်သည့်အချိန် | - | ၀၈၃၀ နာရီမှ ၁၁၅၀ နာရီအထိ၊ |
| ပြုလုပ်သည့်နေရာ | - | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဓနသိဒ္ဓိရပ်ကွက်၊ ဇေက(၁၀၀၀)၊ နေပြည်တော်၊ |
| တက်ရောက်သူများ | - | FIU မှ (၉)ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂)ဦး၊ MAB Bank မှ (၄)ဦး၊ စုစုပေါင်း(၁၅)ဦး။ |

( ဂ ) **Digital Money Myanmar Ltd (Wave Money)နှင့် တွေ့ဆုံဆွေးနွေးခြင်း**

| | | |
|---|---|---|
| ပြုလုပ်သည့်နေ့ရက် | - | ၂၁-၃-၂၀၂၅ ရက်(သောကြာနေ့)၊ |
| ပြုလုပ်သည့်အချိန် | - | ၀၈၃၀ နာရီမှ ၁၁၅၀ နာရီအထိ၊ |
| ပြုလုပ်သည့်နေရာ | - | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဓနသိဒ္ဓိရပ်ကွက်၊ ဇေက(၁၀၀၀)၊ နေပြည်တော်၊ |
| တက်ရောက်သူများ | - | FIU မှ (၁၀)ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂)ဦး၊ Digital Money Myanmar Ltd (Wave Money)မှ (၄)ဦး၊ စုစုပေါင်း(၁၆)ဦး။ |

၆။ တွေ့ဆုံဆွေးနွေးမှုအစီအစဉ်(Agenda)အား **နောက်ဆက်တွဲ(က)** ဖြင့် လည်းကောင်း၊ အစည်းအဝေးတက်ရောက်သူအမည်စာရင်းအား **နောက်ဆက်တွဲ(ခ)**ဖြင့် လည်းကောင်း ဖော်ပြအပ်ပါသည်။

**အဓိကဆွေးနွေးချက်များ**

၇။ တွေ့ဆုံဆွေးနွေးချက်များအနက် အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငွေကြေးမူဝါဒ(Monetary Policy)သည် နိုင်ငံ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အဓိကထောက်တိုင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ ငွေကြေးဆိုင်ရာ ပွင့်လင်းမြင်သာမှု(Financial Transparency)ရှိရန်လိုအပ်ပြီး ငွေကြေးခဝါချမှုဖြစ်ရခြင်းအကြောင်းအရင်းများတွင် Financial Transparency အားနည်းခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း၊

( ခ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈)၊ မဟာဗျူဟာနယ်ပယ်(၂)၊ မဟာဗျူဟာရည်မှန်းချက်(၂.၅)၊ မဟာဗျူဟာအစီအစဉ်(၂.၅.၂)တွင် **"ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းများ လိုအပ်သလိုတွေ့ဆုံ၍ သတင်းပို့ချက်အရည်အသွေးပြည့်ဝစေရေး ဆွေးနွေးညှိနှိုင်းခြင်း"**ဟု ပါရှိကြောင်း၊

( ဂ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် သတင်းပို့အဖွဲ့အစည်းများ တွေ့ဆုံရသည့်အကြောင်းအရင်းမှာ အရည်အသွေးရှိသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များ ပေးပို့နိုင်ရန်ဖြစ်ပါကြောင်း၊ သတင်းပို့ချက်များ အရည်အသွေးပြည့်ဝစေရေးအတွက် သတင်းပို့အဖွဲ့အစည်းများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့်အခြေအနေများနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က လိုအပ်သည့်အခြေအနေများကို တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ရန်နှင့် ကြီးကြပ်ရေးအာဏာပိုင်ဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့်လည်း ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနိုင်စေရန်ဖြစ်ကြောင်း၊

(ဃ) မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်မှစ၍ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force – FATF)၏ Black List စာရင်းတွင် ထည့်သွင်းခံထားရသည့်အတွက် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့(Asia Pacific Joint Group-APJG)သို့ အစီရင်ခံစာများ ရေးသားပေးပို့၍ Black List မှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များ(Action Plan)အား ၂၀၂၅ ခုနှစ်အတွင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ပိတ်ဆို့အရေးယူဆောင်ရွက်မှုများ(Counter Measure)

ပြုလုပ်ခံရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် Action Plan(၁၅)ချက်ရှိသည့် အနက် (၉)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆောင်ရွက်ရန် အချက်(၆)ချက် ကျန်ရှိနေသေးကြောင်း၊

( င ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၂၊ ၃၄ နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေပုဒ်မ ၄၉၊ ၅၀၊ ၅၁၊ ၅၂ တို့အရ သတင်းပေးပို့ရမည်ဖြစ်ပြီး သတင်းပို့ရန် ပျက်ကွက်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၆၊ ၄၉ တို့အရ အရေးယူခံရနိုင်ကြောင်း၊ သို့ဖြစ်၍ သတင်းပို့အဖွဲ့ အစည်းများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)နှင့် အညီ အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိတစ်ဦးထားရှိရန်နှင့် Compliance Sector တွင် ဝန်ထမ်းအင်အား လုံလောက်မှု ရှိစေရေး စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊

( စ ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သတ်မှတ်ပမာဏထက်ကျော်လွန်သော လွှဲပြောင်း ဆောင်ရွက်မှုသတင်းပို့ချက် (Threshold Transaction Report-TTR)ပေးပို့မှု အရေအတွက် များပြားသော်လည်း အရည်အသွေးပြည့်ဝသည့် သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပေးပို့မှုမှာ အရေအတွက် နည်းပါးနေသည့်အတွက် သတင်းပို့အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ တိုးတက်သိရှိစေရေးအတွက် အသိပညာပေး ဆွေးနွေးမှုများ ပိုမိုပြုလုပ်သွားရန် လိုအပ်ကြောင်း၊

(ဆ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ အချက် အလက်များအား စီးပွားဆက်ဆံမှု စတင်သည့်အချိန်မှစ၍ အဆိုပါ ဆက်သွယ် ဆောင်ရွက်သူနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲပြောင်း ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်(Known Your Customer-KYC)များကို ပြည့်စုံစွာရရှိနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း လုပ်ငန်းစဉ်(Customer Due Diligence-CDD, Enhance Due Diligence-EDD)ကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ဆောင်ရွက်သူနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်း နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် (၃)လ သို့မဟုတ် (၆)လတစ်ကြိမ် Up to Date ပြုလုပ်သွားရန် လိုအပ်ကြောင်း၊

( ဇ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် လက်ခံရရှိသည့် သံသယ ဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များတွင် ငွေကြေး လွှဲပြောင်းဆောင်ရွက်ရသည့်အကြောင်းအရင်း(Intention of Transaction)အား ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဖြည့်သွင်းမှသာ

STR အရည်အသွေးတိုးတက်ကောင်းမွန်ရန် အထောက်အကူရရှိမည်ဖြစ်ပါကြောင်း၊ သတင်းပို့ပုံစံပါအချက်အလက်များ ပြည့်စုံစွာ ပါဝင်မှုမရှိပါက ထိရောက်သည့် ခွဲခြမ်းစိတ်ဖြာနိုင်မှု ဆက်လက်ဆောင်ရွက်ရန် ခဲယဉ်းသည့်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ တန်ဖိုးရှိသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်မှု နည်းပါးသည့် အကျိုးဆက်များ ဆက်တိုက်ဖြစ်လာနိုင်ကြောင်း၊

( ဈ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က ဖြန့်ဝေသည့် သတင်းအချက်အလက်များအပေါ် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ပြန်လည်တုန့်ပြန်ပေးပို့လာသည့် Feedback များအရ Customer များ၏နေရပ်လိပ်စာများမှာ မှားယွင်းနေခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များမှာ အတုများဖြစ်နေခြင်း၊ ငွေစာရင်း (Account)များ (အထူးသဖြင့် မိုဘိုင်းငွေကြေးစာရင်းများ - Mobile Financial Services Accounts-MFSA)ကို အခြားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များအား အခကြေးငွေပေး၍ ငှားရမ်းအသုံးပြုဖွင့်လှစ်ထားခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များဖြစ်နေခြင်းတို့ကြောင့် စုံစမ်းမရဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊

(ည) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေ ၄၅ အရ စတင်လွှဲပြောင်းသည့်ဘဏ်သည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို ငွေလွှဲလက်ခံသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)တို့က တောင်းခံလာပါက လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်သည့်(၃)ရက်အတွင်း ပေးအပ်နိုင်ရေး စီစဉ်ထားရှိရန် လိုအပ်ကြောင်း၊

( ဋ ) သတင်းပို့အဖွဲ့အစည်းများမှ သတင်းပို့ချက်များ မှားယွင်းပေးပို့ခဲ့မှုများနှင့်စပ်လျဉ်း၍ ပယ်ဖျက်ပေးရန် တောင်းခံလာမှုများအပေါ် Software နည်းပညာကုမ္ပဏီမှ ကျွမ်းကျင်သူများအား ခေါ်ယူ၍ FIU Databased အတွင်းသို့ ဝင်ရောက်ပယ်ဖျက်ရခြင်းများ ဆောင်ရွက်ရသဖြင့် သတင်းပို့ချက်များ မှားယွင်းပေးပို့မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊

( ဌ ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)အနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသည့် Online Reporting Software အား အဆင့်မြှင့်တင်နိုင်ရေးအတွက် Software အသစ်ရေးဆွဲလျက်ရှိပြီး Software အသစ်ကို စတင်အသုံးပြုပါက သတင်းပို့အဖွဲ့အစည်းများနှင့် စမ်းသပ်အသုံးပြု၍ သဘောထားမှတ်ချက် တောင်းခံသွားမည်ဖြစ်ပါကြောင်း၊

(ဍ) မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ ငွေကြေးခဝါချမှုတို့နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှုများအရ တားမြစ်ထားသည့် ဆက်နွှယ်ပါဝင်နေသူများ၏ ငွေစာရင်း(Account)များရှိနေခြင်းသည် သတင်းပို့အဖွဲ့အစည်းများအတွက် ခြိမ်းခြောက်မှု(Threat)များရှိနေသည်ကို ဖော်ပြနေခြင်းဖြစ်သဖြင့် ထိုခြိမ်းခြောက်မှုများအား စစ်ဆေးဖော်ထုတ်သွားရန် လိုအပ်ပါကြောင်း၊

(ဎ) ဆိုးရှိုးနိုင်ခြေအန္တရာယ် မြင့်မားသောမှုခင်းများ(High-Risk Crimes)ဖြစ်သည့် မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ အဂတိလိုက်စားမှု၊ အခွန်တိမ်းရှောင်မှုနှင့် အခြားသောအခွန်ဆိုင်ရာမှုခင်းများ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်စေသောပြစ်မှုတို့နှင့်ဆက်နွှယ်သော သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များ ဖော်ထုတ်ပေးပို့ရန် လိုအပ်ပါကြောင်းနှင့် ဆိုးရှိုးနိုင်ခြေအန္တရာယ် မြင့်မားသည့် မှုခင်းများနှင့်ဆက်နွှယ်သည့် STR များ ဖော်ထုတ်ပေးပို့ရာတွင် နယ်မြေအခြေအနေ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် ဆက်သွယ်ဆောင်ရွက်သူ(Customer)အမျိုးအစားတို့အပါအဝင် ဦးစားပေးအဆင့်များသတ်မှတ်၍ စောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း၊

(ဏ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သံသယဖြစ်ရသည့်အကြောင်းအရင်းများကို ဖော်ထုတ်ရာတွင် လွှဲပြောင်းဆောင်ရွက်မှုပြုလုပ်ထားရှိသည့်မှတ်တမ်း (Record)၊ လွှဲပြောင်းဆောင်ရွက်သူနှင့် လက်ခံဆောင်ရွက်သူတို့အကြား ဆက်နွှယ်မှု(Relation)၊ လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် လက်ခံဆောင်ရွက်မှု ပြုလုပ်သည့် အချိန်တွင် တွေ့ရှိရသည့် Customer ၏ အပြုအမူ(Behavior)နှင့် လွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် အတိုင်းအတာပမာဏ(Measurement)ဆိုသည့် “RRBM”နည်းလမ်းနှင့်အညီ တိုက်ဆိုင်စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊

(တ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုတစ်ခုချင်းစီအတွက် လည်းကောင်း၊ အသစ်တည်ထောင်ဆောင်ရွက်မည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် လည်းကောင်း ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)၏ အကြံပြုချက်အမှတ်-၁၅ နှင့်အညီ ဆိုးရှိုးနိုင်ခြေအကဲဖြတ်ခြင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊

(ထ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)အရေအတွက် နည်းပါးရခြင်းမှာ Customer နေ့စဉ်လာရောက်မှုနည်းပါးလာခြင်းကြောင့် ဖြစ်ပါကြောင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က ရေးဆွဲလျက်ရှိသည့် Online Reporting Software အသစ်တွင် သတင်းပို့ပုံစံတွင် ပါရှိသည့် ဆောင်ရွက်ချက်အမျိုးအစားတွင် Clearing နှင့် Transfer ကို ခွဲခြားပေးစေလိုပါကြောင်း၊

( ဒ ) Online Reporting Software အသစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိ(Compliance Officer)တစ်ဦးတည်းမှ စိစစ်အတည်ပြု၍ ပေးပို့မည်ဆိုပါက လုံလောက်မှုမရှိသဖြင့် Compliance Officer များအတွက် Super Account (၃)ခုခန့် ရေးဆွဲထားရှိမှသာ လုံလောက်မှုရှိမည်ဖြစ်ပါကြောင်း၊

( ဓ ) Digital Money Myanmar အနေဖြင့် သုံးစွဲမှုများပြားလာသည်နှင့်အမျှ AI နည်းပညာကို အသုံးပြု၍ စိစစ်မှုများ စနစ်တကျဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငွေကြေးလွှဲပြောင်းမှုများကို စောင့်ကြည့်ခြင်း(Transaction Monitoring) လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

( န ) သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပေးပို့ရာတွင် သတင်းပို့ပုံစံပါအချက်အလက်များ ပြည့်စုံစွာရရှိရေး ဆောင်ရွက်နေရသည့်အတွက် လွှဲပြောင်းဆောင်ရွက်သည့်နေ့(Transaction Date)နှင့် သတင်းပေးပို့သည့်နေ့ (Reporting Date)ကွာဟနေမှုများအား သတင်းပို့ပုံစံ အပိုင်း(၄)တွင် ပါရှိသည့် "**အသေးစိတ်ဖော်ပြချက်များ**"တွင် ရေးသားဖော်ပြပေးရန် လိုအပ်ပါကြောင်း၊

( ပ ) သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR) အရည်အသွေး တိုးတက်စေရေးအတွက် ထုတ်ပြန်ထားရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ညွှန်းကိန်း (Red-flag Indicator)များအပြင် လက်ရှိတွေ့ကြုံနေရသည့် သို့မဟုတ် နောင်ဖြစ်ပေါ် လာနိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ညွှန်းကိန်းအသစ်များနှင့်လည်း စိစစ်ဖော်ထုတ် ပေးပို့ရန် လိုအပ်ပါကြောင်း။

**အဓိကတွေ့ရှိချက်များ (Key Findings)**

၈။ တွေ့ဆုံဆွေးနွေးချက်များအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)၊ ရောဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်(AFDB Bank)၊ မြန်မာ့ရှေ့ဆောင်ဘဏ် လီမိတက်(MAB Bank)နှင့် Digital Money Myanmar Ltd (Wave Money)များအနေဖြင့် အောက်ပါ တို့ကိုဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည် -

(က) အရည်အသွေးရှိသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်း ပို့ချက်(STR)များ တိုးမြှင့်ပေးပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

( ခ ) ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှုခင်းများနှင့်ဆက်နွှယ်သည့် သံသယဖြစ်ဖွယ် ငွေကြေး လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များ တိုးမြှင့်ဖော်ထုတ်ပေးပို့ရန်၊

( ဂ ) ဆက်သွယ်ဆောင်ရွက်သူနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်(KYC)များကို ပြည့်စုံစွာ ရယူ ထိန်းသိမ်းထားရန်နှင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရေး ဆောင်ရွက် ထားရှိရန်၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်(CDD)များကို အလေးထားလိုက်နာဆောင်ရွက်သွားရန်၊

( င ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)က ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များတောင်းခံရာတွင် အချိန်နှင့် တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိရန်၊

( စ ) ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့်မှုခင်းများနှင့် ဆက်နွှယ်သည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)များ ဖော်ထုတ်ပေးပို့နိုင်ရေး နယ်မြေအခြေအနေ၊ စီးပွားရေးလုပ်ငန်းအမျိုးအစားများနှင့် ဆက်သွယ်ဆောင်ရွက်သူ (Customer)အမျိုးအစားတို့အပါအဝင် ဦးစားပေးအဆင့်များ သတ်မှတ်စောင့်ကြည့်သွားရန်၊

(ဆ) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုချင်းစီအတွက် ဆုံးရှုံးနိုင်ခြေအကဲဖြတ်ခြင်းများ ဆောင်ရွက်ရန်၊

( ဇ ) မိမိတို့၏ဝန်ထမ်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ရန်၊

( ဈ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ)အရ အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိတစ်ဦးခန့်ထားရန်နှင့် Compliance Sector တွင် ဝန်ထမ်းအင်အားလုံလောက်မှုရှိစေရေး စီမံဆောင်ရွက်သွားရန်၊

(ည) အသစ်ရေးဆွဲထားသည့် Online Reporting Software အား စတင်အသုံးပြုပါက သတင်းပို့အဖွဲ့အစည်းများနှင့် စမ်းသပ်အသုံးပြု၍ သဘောထားမှတ်ချက်တောင်းခံသွားရန်။

**နိဂုံး**

၉။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် သတင်းပို့အဖွဲ့အစည်းများအကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခြင်းသည် သတင်းပို့ချက်အရည်အသွေးများ တိုးတက်ကောင်းမွန်စေနိုင်မည့်အချက်များအနက် အရေးပါသောအချက်တစ်ချက်ဖြစ်ပါသည်။ ဤကဲ့သို့ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် သတင်းပို့အဖွဲ့အစည်းများအကြား မကြာခဏတွေ့ဆုံဆွေးနွေးခြင်းအားဖြင့် AML/CFT ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှုကို ပြသနိုင်သည့်အပြင် အနာဂတ်တွင် သတင်းပို့အဖွဲ့အစည်းများက အရည်အသွေးရှိသည့် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက်(STR)ပိုမို ပေးပို့လာနိုင်မည်ဖြစ်ပါသည်။

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့**

နောက်ဆက်တွဲ(က)

## ၁၉-၃-၂၀၂၅ ရက်နေ့ ၀၈၃၀ အချိန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် AFDB Bank တို့အကြား သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များ အရည်အသွေးပြည့်ဝစေရေး တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်

| အစီအစဉ် | အချိန် | | အစီအစဉ် | မှတ်ချက် |
|---|---|---|---|---|
| | မှ | ထိ | | |
| **၁၉-၃-၂၀၂၅ ရက်နေ့ အစီအစဉ်** | | | | |
| အစီအစဉ်(၁) | ၀၈၃၀ | ၀၈၃၀ | အခမ်းအနားဖွင့်လှစ်ခြင်း | |
| အစီအစဉ်(၂) | ၀၈၃၀ | ၀၉၀၀ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယ အဖွဲ့ခေါင်းဆောင်က APJG ၏ Comment အရ ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၃) | ၀၉၀၀ | ၀၉၁၅ | ဌာနခွဲမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေး တင်ပြခြင်း၊ | |
| အစီအစဉ်(၄) | ၀၉၁၅ | ၀၉၃၀ | ဌာနစုမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေး တင်ပြခြင်း၊ | |
| - | **၀၉၃၀** | **၀၉၄၀** | **လ္ဘက်ရည်/မုန့်တို့ဖြင့် ဧည့်ခံခြင်း၊** | |
| အစီအစဉ်(၅) | ၀၉၄၀ | ၁၀၀၀ | လက်ခံရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၆) | ၁၀၀၀ | ၁၀၂၀ | စိစစ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၇) | ၁၀၂၀ | ၁၀၄၀ | သုံးသပ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၈) | ၁၀၄၀ | ၁၀၅၀ | နည်းပညာကုမ္ပဏီက ရှင်းလင်းဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၉) | ၁၀၅၀ | ၁၁၁၀ | AFDB Bank ကိုယ်စားလှယ်က ရှင်းလင်း ဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၀) | ၁၁၁၀ | ၁၁၃၀ | အထွေထွေဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၁) | ၁၁၃၀ | ၁၁၅၀ | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယ အဖွဲ့ခေါင်းဆောင်က ဖြည့်စွက်ဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၂) | - | - | ဆွေးနွေးပွဲပြီးဆုံးခြင်း၊ | |

# ၂၀-၃-၂၀၂၅ ရက်နေ့ ၀၈၃၀ အချိန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် MAB Bank တို့အကြား သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များ အရည်အသွေး ပြည့်ဝစေရေး တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်

| အစီအစဉ် | အချိန် | | အစီအစဉ် | မှတ်ချက် |
|---|---|---|---|---|
| | မှ | ထိ | | |
| **၂၀-၃-၂၀၂၅ ရက်နေ့ အစီအစဉ်** | | | | |
| အစီအစဉ်(၁) | ၀၈၃၀ | ၀၈၃၀ | အခမ်းအနားဖွင့်လှစ်ခြင်း | |
| အစီအစဉ်(၂) | ၀၈၃၀ | ၀၉၀၀ | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်က အဖွင့်အမှာစကားပြောကြားခြင်း၊ | |
| အစီအစဉ်(၃) | ၀၉၀၀ | ၀၉၁၅ | ဌာနခွဲမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေးတင်ပြခြင်း၊ | |
| အစီအစဉ်(၄) | ၀၉၁၅ | ၀၉၃၀ | ဌာနစုမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေးတင်ပြခြင်း၊ | |
| - | **၀၉၃၀** | **၀၉၄၀** | **လ္ဘက်ရည်/မုန့်တို့ဖြင့် ဧည့်ခံခြင်း၊** | |
| အစီအစဉ်(၅) | ၀၉၄၀ | ၁၀၀၀ | လက်ခံရေးဌာနစု တာဝန်ခံကရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၆) | ၁၀၀၀ | ၁၀၂၀ | စိစစ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၇) | ၁၀၂၀ | ၁၀၄၀ | သုံးသပ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၈) | ၁၀၄၀ | ၁၁၁၀ | MAB Bank ကိုယ်စားလှယ်ကရှင်းလင်းဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၉) | ၁၁၁၀ | ၁၁၃၀ | အထွေထွေဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၀) | ၁၁၃၀ | ၁၁၅၀ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်က နိဂုံးချုပ်အမှာစကားပြောကြားခြင်း၊ | |
| အစီအစဉ်(၁၁) | - | - | ဆွေးနွေးပွဲပြီးဆုံးခြင်း၊ | |

# ၂၁-၃-၂၀၂၅ ရက်နေ့ ၀၈၃၀ အချိန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် Digital Money Myanmar(Wave Money)တို့အကြား သံသယဖြစ်ဖွယ် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များ အရည်အသွေး ပြည့်ဝစေရေး တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်

| အစီအစဉ် | အချိန် | | အစီအစဉ် | မှတ်ချက် |
|---|---|---|---|---|
| | မှ | ထိ | | |
| **၂၁-၃-၂၀၂၅ ရက်နေ့ အစီအစဉ်** | | | | |
| အစီအစဉ်(၁) | ၀၈၃၀ | ၀၈၃၀ | အခမ်းအနားဖွင့်လှစ်ခြင်း | |
| အစီအစဉ်(၂) | ၀၈၃၀ | ၀၈၄၅ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်က အဖွင့်အမှာစကားပြောကြားခြင်း၊ | |
| အစီအစဉ်(၃) | ၀၈၄၅ | ၀၉၀၀ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင်က APJG ၏ Comment အရ ဆောင်ရွက်သင့်သည်များကို ရှင်းလင်းဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၄) | ၀၉၀၀ | ၀၉၁၅ | ဌာနခွဲမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေးတင်ပြခြင်း၊ | |
| အစီအစဉ်(၅) | ၀၉၁၅ | ၀၉၃၀ | ဌာနစုမှူး(စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁)က ဆွေးနွေးတင်ပြခြင်း၊ | |
| - | **၀၉၃၀** | **၀၉၄၀** | **လက်ဖက်ရည်/မုန့်တို့ဖြင့် ဧည့်ခံခြင်း၊** | |
| အစီအစဉ်(၆) | ၀၉၄၀ | ၁၀၀၀ | လက်ခံရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၇) | ၁၀၀၀ | ၁၀၂၀ | စိစစ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၈) | ၁၀၂၀ | ၁၀၅၀ | သုံးသပ်ရေးဌာနစု တာဝန်ခံက ရှင်းလင်းတင်ပြခြင်း၊ | |
| အစီအစဉ်(၉) | ၁၀၅၀ | ၁၁၃၀ | အထွေထွေဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၀) | ၁၁၃၀ | ၁၁၄၀ | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင်က ဖြည့်စွက်ဆွေးနွေးခြင်း၊ | |
| အစီအစဉ်(၁၁) | ၁၁၄၀ | ၁၁၅၀ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်က နိဂုံးချုပ်အမှာစကားပြောကြားခြင်း၊ | |
| အစီအစဉ်(၁၂) | - | - | ဆွေးနွေးပွဲပြီးဆုံးခြင်း၊ | |

**နောက်ဆက်တွဲ(ခ)**

**၁၉-၃-၂၀၂၅ ရက်နေ့တွင် ပြုလုပ်သည့် STR ပေးပို့မှုအရည်အသွေးပြည့်ဝစေရေးအစည်းအဝေး၌ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် AFDB Bank တို့မှ တက်ရောက်သူစာရင်း**

| စဉ် | အဆင့် | အမည် | ဌာန |
|---|---|---|---|
| ၁ | ရဲမှူးကြီး | မြင့်စိုး | ဒုတိယအဖွဲ့ခေါင်းဆောင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၂ | ညွှန်ကြားရေးမှူး | ဦးစိုင်းကျော်ကျော် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၃ | ဒုရဲမှူးကြီး | ရဲထွဋ်လှိုင် | ဌာနခွဲမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၄ | ရဲမှူး | ကြူကြူစိန် | ဌာနစုမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၅ | လက်ထောက် ညွှန်ကြားရေးမှူး | ဒေါ်လမင်းမြတ်မွန် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆ | - | ဒေါ်လပြည့်ဝင်းကြည် | Deputy General Manager, AFDB Bank |
| ၇ | - | ဦးအောင်မျိုးပိုင် | Assistant General Manager, AFDB Bank |
| ၈ | - | ဒေါ်သီတာဝင်း | Manager, AFDB Bank |
| ၉ | - | ဦးပြည့်ဖြိုးအောင် | Deputy Manager, AFDB Bank |
| ၁၀ | ဒုရဲမှူး | ဝင်းနိုင်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၁ | ဦးစီးအရာရှိ | ဦးဟန်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၂ | ရဲအုပ် | ဗိုလ်ရဲ | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၃ | ရဲအုပ် | ရွှေထန်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၄ | ဒုရဲအုပ် | စိုးတင့် | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၅ | ဒုရဲအုပ် | အောင်သူဝင်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၆ | - | ဦးအင်ဇန်ထန် | Software Manager, နောင်ရိုးနည်းပညာကုမ္ပဏီ |

# ၂၀-၃-၂၀၂၅ ရက်နေ့တွင် ပြုလုပ်သည့် STR ပေးပို့မှုအရည်အသွေးပြည့်ဝစေရေးအစည်းအဝေး၌ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် MAB Bank တို့မှ တက်ရောက်သူများစာရင်း

| စဉ် | အဆင့် | အမည် | ဌာန |
|---|---|---|---|
| ၁ | ရဲမှူးချုပ် | ဇော်လင်းထွန်း | အဖွဲ့ခေါင်းဆောင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၂ | ညွှန်ကြားရေးမှူး | ဦးစိုင်းကျော်ကျော် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၃ | ဒုရဲမှူးကြီး | ရဲထွဋ်လှိုင် | ဌာနခွဲမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၄ | ရဲမှူး | ကြူကြူစိန် | ဌာနစုမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၅ | လက်ထောက် ညွှန်ကြားရေးမှူး | ဒေါ်လမင်းမြတ်မွန် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆ | - | ဒေါ်ရင်ရင်သက် | Deputy Chief Compliance Officer, MAB Bank |
| ၇ | - | ဦးဝင်းအောင်ကျော် | Senior Vice President (Head of Compliance), MAB Bank |
| ၈ | - | ဒေါ်နွယ်နီမြင့်ဦး | Senior Vice President, MAB Bank |
| ၉ | - | ဦးဘိုဘိုဖြိုး | Vice President, MAB Bank |
| ၁၀ | ဒုရဲမှူး | ဟန်ဝင်းအောင် | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၁ | ဒုရဲမှူး | ဝင်းနိုင်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၂ | ဦးစီးအရာရှိ | ဦးဟန်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၃ | ရဲအုပ် | ဗိုလ်ရဲ | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၄ | ရဲအုပ် | ရွှေထန်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၅ | ဒုရဲအုပ် | အောင်သူဝင်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |

**၂၁-၃-၂၀၂၅ ရက်နေ့တွင် ပြုလုပ်သည့် STR ပေးပို့မှုအရည်အသွေးပြည့်ဝစေရေးအစည်းအဝေး၌ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် DMM(Wave Money)တို့မှ တက်ရောက်သူစာရင်း**

| စဉ် | အဆင့် | အမည် | ဌာန |
|---|---|---|---|
| ၁ | ရဲမှူးချုပ် | ဇော်လင်းထွန်း | အဖွဲ့ခေါင်းဆောင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၂ | ရဲမှူးကြီး | မြင့်စိုး | ဒုတိယအဖွဲ့ခေါင်းဆောင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၃ | ညွှန်ကြားရေးမှူး | ဦးစိုင်းကျော်ကျော် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၄ | ဒုရဲမှူးကြီး | ရဲထွဋ်လှိုင် | ဌာနခွဲမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၅ | ရဲမှူး | ကြူကြူစိန် | ဌာနစုမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၆ | လက်ထောက်ညွှန်ကြားရေးမှူး | ဒေါ်လမင်းမြတ်မွန် | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၇ | - | ဦးထင်အောင်လှိုင် | Chief Technology Officer, Digital Money Myanmar (Wave Money) |
| ၈ | - | ဦးနေအောင်စိုးဝင်း | Data and Analysis, Digital Money Myanmar (Wave Money) |
| ၉ | - | ဦးကျော်သန်းအောင် | Head of Government Relations, Digital Money Myanmar (Wave Money) |
| ၁၀ | - | ဦးရဲဟန်လင်း | Action Head of Compliance, Digital Money Myanmar (Wave Money) |
| ၁၁ | ဒုရဲမှူး | ဟန်ဝင်းအောင် | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၂ | ဒုရဲမှူး | ဝင်းနိုင်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၃ | ဦးစီးအရာရှိ | ဦးဟန်ထွန်း | ဌာနစိတ်တာဝန်ခံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၄ | ရဲအုပ် | ဗိုလ်ရဲ | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၅ | ရဲအုပ် | ရွှေထန်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| ၁၆ | ဒုရဲအုပ် | အောင်သူဝင်း | အမှုကိုင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |

## မှတ်တမ်းဓာတ်ပုံများ

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့်**
**ဧရာဝတီတောင်သူလယ်သမားများဘဏ်လီမိတက်(AFDB Bank)မှ တာဝန်ရှိသူများ**
**တွေ့ဆုံ၍ STR ပေးပို့မှုအရည်အသွေးပြည့်ဝစေရေး ဆွေးနွေးစဉ်**





**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့်
မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(MAB Bank)မှ တာဝန်ရှိသူများ တွေ့ဆုံ၍ STR ပေးပို့မှု
အရည်အသွေးပြည့်ဝစေရေး ဆွေးနွေးစဉ်**





**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် ဘဏ်လီမိတက် (Digital Money Myanmar-Wave Money)မှ တာဝန်ရှိသူများ တွေ့ဆုံ၍ STR ပေးပို့မှု အရည်အသွေးပြည့်ဝစေရေး ဆွေးနွေးစဉ်**





# For more information

**Myanmar Financial Intelligence Unit**

www.mfiu.gov.mm

review.mfiu@gmail.com